# ၁၉၄၅ မှ ၁၉၆၂ အတွင်း
# မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မခင်ရီဝင်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ ဩဂုတ်လ

# ကျမ်းအကျဉ်းချုပ်

စာပေသည် လူမျိုး၏ အသက်လည်းဖြစ်ပေသည်။ ခေတ်၏ ကြေးမုံလည်း ဖြစ်ပေ သည်။ ခေတ်တစ်ခေတ်တွင် ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများသည် ထိုခေတ်တွင် ပေါ်ထွန်းလာသော စာပေကို ထင်ဟပ်ကြစမြဲပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ခေတ်အခြေအနေများသည်လည်း မြန်မာစာပေကို ထင်ဟပ်လာသည်ကို တွေ့ရသည်။

ဤကျမ်းသည် ၁၉၄၅ မှ ၁၉၆၂–ခုနှစ်အတွင်း မြန်မာစာပေတွင် ပေါ်ထွန်းလာသော ရသစာပေတွင် ပါဝင်သည့် ကဗျာ၊ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ရသစာတမ်းနှင့် ရသစာပေ အထွေထွေတို့ကို ခေတ်ကာလဆစ်ပိုင်း၍ လေ့လာတင်ပြသော ကျမ်းဖြစ်ပါသည်။ လေ့လာတင်ပြရာ၌ ၁၉၄၅ – မှ ၁၉၄၈–ခုနှစ်ကာလကို လွတ်လပ်ရေးကြိုးပမ်းမှု ကာလဟူ၍လည်းကောင်း၊ ၁၉၄၈ မှ ၁၉၅၈–ခုနှစ်ကာလကို ပါလီမန်ခေတ်ကာလဟူ၍လည်းကောင်း၊ ၁၉၅၈ မှ ၁၉၆၂– ခုနှစ်ကာလကို အိမ်စောင့်အစိုးရနှင့် တော်လှန်ရေးကောင်စီ ခေတ်ဦးကာလဟူ၍လည်းကောင်း ပိုင်းခြားသတ်မှတ်ထားပါသည်။ ဤသို့ပိုင်းခြားပြီးလျှင် အခန်းကြီး ၅–ခန်းခွဲ၍ ကဗျာ၊ဝတ္ထု၊ပြဇာတ်၊ရသစာတမ်းနှင့် ရသစာပေအထွေထွေတို့ကို လေ့လာတင်ပြထားပါသည်။

ထို့သို့ လေ့လာတင်ပြရာ၌ ခေတ်ကာလအခြေအနေ၊ စာရေးသူတို့၏ စေတနာ၊ စာရေးသူတို့၏ ယုံကြည်ချက်နှင့် စာပေအပေါ် အကျိုးသက်ရောက်မှုတို့ကို ပေါ်လွင်အောင်ကြိုးစားလေ့လာတင်ပြထားပါသည်။